**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး**

**ကော်မရှင်ဥပဒေ**

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၁/၈၈ )

၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

( ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် )

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်

၁။ ဤဥပဒေကို **ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

## အခန်း (၂)

## ဖွဲ့စည်းခြင်း

၂။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် နေ့စွဲပါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် ၁/၈၈ အပိုဒ် ၂ တွင် ရည်ညွှန်းထားသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကို ဆက်လက်တာဝန်ပေးအပ်သည်။

၃။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင် အဖွဲ့ဝင်ဦးရေတိုးခြင်း၊ လစ်လပ်သည့်နေရာတွင် အစားထိုးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## အခန်း(၃)
## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ခ) လိုအပ်သော ဥပဒေများကို ရေးဆွဲ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြဋ္ဌာန်းပေးရေးအတွက် တင်ပြခြင်း၊

(ဂ) လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ရေးဆွဲ၍ ထုတ်ပြန်ခြင်း၊

(ဃ) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းခြင်း၊

(င) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ အတွက် လိုအပ်သော ရုံးဝန်ထမ်းများခန့်အပ်ခြင်း၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို စီမံခန့်ခွဲခြင်း၊ စီမံခန့်ခွဲစေခြင်း၊

(စ) လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် လိုအပ်သည့်အစီအစဉ်များ ပြုလုပ်ခြင်း၊ လိုအပ်သည် များကို ဆောင်ရွက်ခြင်း၊ လိုအပ်သည့် အကူအညီများကို တောင်းခံရယူခြင်း။

## အခန်း (၄)

## အထွေထွေ

၅။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ ကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲကျင်းပရေးအတွက် ကုန်ကျစရိတ်များကို နိုင်ငံတော်၏ ဘဏ္ဍာငွေမှ ကျခံရမည်။

၆။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်ဥပဒေ (၁၉၇၆ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်-၅)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။